Myanmar Students' Union in the United Kingdom & Éire
မြန်မာ ကျောင်းသားများ သမဂ္ဂ - ယူကေ နှင့် အိုင်ယာလန်

**Date: 22/04/2021**

**Statement (7/2021)**

**Dear Myanmar Students in the UK and Éire,**

On the 1st of February 2021, the people of Myanmar were hoping to see their elected leaders sworn into Parliament when their dreams of a peaceful, democratic, and free Myanmar were shot down by the military forces who staged a coup d'état. Since then, Myanmar has seen more than 700 pro-democracy protesters brutally killed, 23+ pro-democratic protesters sentenced to death, more than 3,000 people abducted, and thousands displaced. The military has also been cutting off the internet, mobile data, banning news channels and only allowing the news channels which broadcast their propaganda to indoctrinate Myanmar civilians and systematically isolate them from the rest of the world.

On the 8th of April 2021, I sent a closed, private and confidential letter as the President of the Myanmar Students' Union in the UK and Éire to the Secretary of State of the Home Office to take action against the State Administration Council (SAC) of Myanmar. The letter MSU sent to Priti Patel stated "We will wait 3 working days before we initiate a hunger strike". Initially, this was planned for 13 April 2021, but as we wished to respect the UK's national mourning period of His Royal Highness, the Prince Philip's passing, we decided to wait until 20th April 2021.

A second letter was sent again on the 21st of April 2021 with an additional request for protection visas for Myanmar citizens who are unable to return to Myanmar due to the current political situation, but we have not yet received a reply. If the UK has not declared the Myanmar State Administration Council a Terrorist Organisation by the 24th of April, I will be doing a

**Myanmar Students' Union in the United Kingdom & Éire**
**မြန်မာ ကျောင်းသားများ သမဂ္ဂ - ယူကေ နှင့် အိုင်ယာလန်**

Hunger Strike from 9:00am on 24th April 2021 to 9:00am on 27th April 2021 for 72 hours in collaboration with Myanmar citizens in the UK.

The main objectives of this Hunger Strike are:

- To demand the UK government to declare the Myanmar State Administration Council as a Terrorist Organisation under Terrorism Act 2000.
- To request a temporary "protected status" visa for Myanmar civilians in United Kingdom who are unable to return to Myanmar due to the current political situation.

Sincerely,

**Kyaw Min Han**
**President of the 5th Central Executive Committee of the Myanmar Students' Union in the UK and Éire**

Email: info@myanmarsu.co.uk
Facebook Page: Myanmar Students' Union in the UK & Éire
Instagram page: @msu_ukeire

Myanmar Students' Union in the United Kingdom & Éire
**မြန်မာ ကျောင်းသားများ သမဂ္ဂ - ယူကေ နှင့် အိုင်ယာလန်**

နေ့စွဲ - ၂၂/၀၄/၂၀၂၁

ထုတ်ပြန်ကြေညာချက် (၇/၂၀၂၁)

ဗြိတိန်နှင့်အိုင်ယန်လန်ရောက်မြန်မာကျောင်းသူကျောင်းသားများခင်ဗျာ

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ရက်နေ့တွင် မြန်မာပြည်သူ များ၏လိုလားချက်သည် ကျွန်တော်တို့ရဲ့ တရားဝင်ရွေးကောက်ခံအမတ်များ လွှတ်တော်တက်၊ အစိုးရဖွဲ့ပြီး၊ လွတ်လပ်ပြီးတရားမျှတသော မြန်မာ့ဒီမိုကရေစီအိမ်မက်ကို ဆက်လက်ဖော်ဆောင်ရန်ဖြစ်သည်။ သို့သော်လည်း ထိုမျှော်လင့်ချက်သည် စစ်တပ်ရဲ့မတရားအာဏာသိမ်းမှုအောက်တွင် ပျက်စီးခဲ့ရပါသည်။ စစ်တပ်၏ မတရား အာဏာသိမ်း ချိန်မှစ၍ ယနေ့အချိန်အထိ အပြစ်မဲ့ပြည်သူ ၇၀၀ ကျော်အသတ်ခံခဲ့ရပါသည်။

ပြည်သူ ၂၃ယောက်ကျော်သည် မတရားသေဒဏ်ပေးခံထားရပြီး ၊ပြည်သူ ၃၀၀၀ ကျော်သည်လည်း အတင်းအဓမ္မ ဖမ်းဆီးခံထားခဲ့ရပါသည်။ ထောင်ပေါင်းများစွာသော ပြည်သူများသည်လည်း ထွက်ပြေးတိမ်းရှောင်နေရပါသည်။ ဒါ့အပြင် အာဏာသိမ်း စစ်ကောင်စီသည် အင်တာနက်လိုင်း ဖျက်တောက်ခြင်း၊ ဖုန်းအင်တာနက် နှင့် သတင်းမီဒီယာများအား ပိတ်ပင်ခြင်းစသည်တို့ကိုပါ လုပ်ဆောင်နေပြီး မြန်မာပြည်ကို ကမ္ဘာကြီးနဲ့ အဆက်အသွယ်ဖြတ်ထားပါသည်။ ပြည်သူတွေကို စစ်တပ်ပိုင် မီဒီယာ များမှပဲသတင်းကြည့်ရှုခွင့်ပေးထားပြီး ဝါဒမှိုင်းတိုက်သွင်းလျှက်ရှိပါသည်။

ဧပြီလ ၈ရက်နေ့တွင် ကျွန်တော့်သည် မြန်မာကျောင်းသားသမဂ္ဂ ယူကေနှင့်အိုင်ယာလန် ဥက္ကဌ အနေဖြင့် စစ်ကောင်စီကို အရေးယူပေးပါရန် ယူကေနိုင်ငံ၏ ပြည်ထဲရေးဝန်ကြီး ထံသို့ အိတ်ပိတ် ပေးစာပေးပို့တောင်းဆိုခဲ့ပါသည်။ ထိုပေးပို့ခဲ့သည့် စာထဲတွင် ၃ရက်တိတိစောင့်ဆိုင်းမည် ဖြစ်ပြီး အကြောင်းအရာတစ်စုံ တစ်ရာ အကြောင်းမပြန်ကြားခဲ့လျှင် အစာအငတ်ခံဆန္ဒပြမည်ဟု ထည့်သွင်းရေးသားခဲ့ပါသည်။

Email: info@myanmarsu.co.uk

Facebook page: Myanmar Students' Union in the UK & Eire

Instagram page: @msu_ukeire

**Myanmar Students' Union in the United Kingdom & Éire**
**မြန်မာ ကျောင်းသားများ သမဂ္ဂ - ယူကေ နှင့် အိုင်ယာလန်**

ဧပြီလ ၁၃ရက်နေ့တွင် ကျွန်တော် တို့စောင့်ဆိုင်းခဲ့သည့် အချိန် ပြည့်ခဲ့သော်လည်း ဖိလစ်မင်းသားကြီး ကွယ်လွန်ခဲ့သည့် အတွက် ယူကေနိုင်ငံရဲ့ဝမ်းနည်းပူဆွေးသော ရက်သတ္တပတ်ကို လေးစားသောအားဖြင့် ဧပြီလ ၂၀ရက်နေ့အထိထပ်မံစောင့်ဆိုင်းခဲ့ပါသည်။

ဧပြီလ ၂၁ရက်နေ့တွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေနေများကြောင့် ပြည်တော်ပြန်ရန် ခက်ခဲနေသော မြန်မာနိုင်ငံသားများအတွက် ဗီစာသက်တမ်းတိုးပေးဖို့ ထပ်တိုးမေတ္တာရပ်ခံချက်နှင့် အတူ ဒုတိယစာတစ်စောင်ထပ်မံ ပေးပို့ခဲ့ပါသည်။ သို့သော်လည်း ယခုအချိန်ထိ အကြောင်းပြန်ကြားချက် တစ်စုံတစ်ရာမရရှိသေးပါ။ ဧပြီလ ၂၄ရက်အထိမှ ယူကေအစိုးရသည် စစ်ကောင်စီကို (Terrorism Act 2000) အရ အကြမ်းဖက်အဖွဲ့အဖြစ် မကြေညာခဲ့လျှင် ကျွန်တော်ဟာ ယူကေရောက် မြန်မာနိုင်ငံသားများ၏ပူးပေါင်းမှုနှင့် အတူ ဧပြီလ ၂၄ရက် မနက်၉နာရီမှ၊ ဧပြီလ ၂၇ရက် မနက်၉နာရီအထိ၊ ၇၂နာရီတိတိ အစာအငတ်ခံ ဆန္ဒပြသွားမှာဖြစ်ကြောင်းအတိအလင်းကြေညာသည်။

အစာအငတ်ခံဆန္ဒပြပွဲ၏ ရည်ရွယ်ချက် ရည်မှန်းချက်များမှာ

- ယူကေအစိုးရအနေနှင့် အကြမ်းဖက်ဥပဒေ၂၀၀၀ခုနှစ် (Terrorism Act 2000) အရ စစ်ကောင်စီကို အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာပေးရန်

- နိုင်ငံရေးအခြေနေများကြောင့် တိုင်းပြည်ပြန်ရန်ခက်ခဲနေသောမြန်မာနိုင်ငံသားများအား ယာယီ ကာကွယ်ရေးဗီစာအနေနှင့် ဗီစာသက်တမ်းတိုးပေးထားပါရန်တို့ဖြစ်ပါသည်။

လေးစားစွာဖြင့်

ကျော်မင်းဟန်

ပဥ္စမအကြိမ် ဗဟိုအလုပ်မှုဆောင်များ၏ ဥက္ကဋ္ဌ

မြန်မာကျောင်းသားသမဂ္ဂ ယူကေနှင့်အိုင်ယာလန်

Email: info@myanmarsu.co.uk

Facebook page: Myanmar Students' Union in the UK & Eire

Instagram page: @msu_ukeire